ပူးတွဲထုတ်ပြန်ချက်

(၅) ဩဂုတ်လ၊ ၂၀၂၅ခုနှစ်။

AI Index Number: ASA 16/0170/2025

မြန်မာ။ ။ကျန်းမာရေး စောင့်ရှောက်မှုပေးရန် စနစ်တကျ ငြင်းဆန်ခြင်းကြောင့် ထောင်တွင်းအကျဉ်းသားသေဆုံးမှု ကြောက်မက်ဖွယ် တိုးပွားလာ

လူ့အခွင့်အရေးစံနှုန်းများကို လေးစားခြင်း၊ကာကွယ်ခြင်းများ ပိုမိုဆိုးရွားယိုယွင်းလာသည့် ပြီးခဲ့သည့် (၄)နှစ်ခွဲကာလအတွင်း ထိန်းသိမ်းခံအကျဉ်းသားများ သေဆုံးမှုနှုန်းပိုမိုတိုးပွားလာသည့် အကြောင်းအရာသည် ယခုထုတ်ပြန်ချက်ကို လက်မှတ်ထိုးထားသည့် အဖွဲ့အစည်းများအတွက် ထိတ်လန့်ဖွယ် သတိပေးချက်တခုဖြစ်သည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းချိန်မှစတင်၍ မြန်မာစစ်တပ်၏ အကျဉ်းထောင်နှင့်ထိန်းသိမ်းရေးစခန်းများအတွင်း ကွယ်လွန်သေဆုံးခဲ့သူ (၁၈၀၀) ကျော်ရှိသည်။ ၄င်းတို့အနက်မှ အများစုသည် ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျငြင်းဆိုခံရခြင်းသော်လည်းကောင်း၊ စစ်ကြောရေးကာလအတွင်း မတရားညှင်းပန်းနှိပ်စက် ခံရခြင်းမှ ရရှိသည့်ဒဏ်ရာများကို မကုသပဲထားခြင်းမှသော်လည်းကောင်း တနည်းမဟုတ်တနည်းဖြင့် အသက်ဆုံးရှုံးခဲ့ကြရသည်။ မြန်မာစစ်တပ်အနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများကို ပြင်ပမှအခြားပြည်သူများနှင့် တန်းတူ ကျန်းမာရေးစောင့်ရှောက်ကုသပိုင်ခွင့်ရနိုင်ရန် လမ်းဖွင့်ပေးထားရန်လိုအပ်ပြီး လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို ခွဲခြားဆက်ဆံခြင်းမရှိပဲ ချက်ချင်းပေးရန်နှင့် အကျဉ်းသားများအား နှိပ်စက်မှုများနှင့် အခြားဆိုးရွားသည့် လုပ်ထုံးလုပ်နည်းများကို ရပ်တန့်ရန်တောင်းဆိုသည်။

<u>လွတ်လပ်သောသတင်းမီဒီယာများ</u>နှင့်အကျဉ်းထောင်များအားစောင့်ကြည့်သည့်အဖွဲ့အစည်းများက ၂၀၂၅ခုနှစ်၊ ဇူလိုင်လအတွင်း မတူညီသည့်အကျဉ်းထောင်များမှ အကျဉ်းသားများသေဆုံးမှုနှုန်းပတ်သက်ပြီး သတင်းများ အသီးသီးထုတ်ပြန်ခဲ့ကြသည်။ အသက် (၂၆)နှစ်အရွယ် မဝတ်ရည်အောင် နှင့် အကြမ်းဖက်ပုဒ်မ၊ လှုံ့ဆော်မှုများကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ကျောင်းသားတက်ကြွလှုပ်ရှားသူတဦးတို့ အင်းစိန်ထောင်တွင် ဇူလိုင်လ (၁၉)ရက်၊ ၂၀၂၅ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ မဝတ်ရည်အောင်သေဆုံးခဲ့ရခြင်းသည် စစ်ကြောရေးကာလအတွင်း နှိပ်စက်ခံရခြင်းကြောင့် ရရှိခဲ့သည့် ဦးခေါင်းဒဏ်ရာများကို ထောင်ပြင်ပဆေးရုံတွင် ဆေးဝါးကုသခွင့်ပေးပါရန်သူမ၏ မိသားစုဝင်များက မေတ္တာရပ်ခံ တောင်းဆိုသည့်ကြားမှ ထောင်အာဏာပိုင်များက လုံလောက်သည့် ဆေးဝါးကုသခွင့်ပေးရန် ငြင်းဆိုခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂက ဖော်ပြထားသည်။ ထိုနေ့တရက်တည်းတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမှုဆောင်ဖြစ်သူ အသက် (၄၄)နှစ်အရွယ်ကိုပြည်စုံအောင် သည်လည်း သထုံအကျဉ်းထောင်တွင် ပြင်းထန်စွာရိုက်နှက်ခံရပြီးသေဆုံးခဲ့ကြောင်းသိရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ထုတ်ပြန်ချက်အရ ကိုပြည့်စုံအောင်နှင့်အခြား အကျဉ်းသား(၄)ဦးကို ထောင်အာဏာပိုင်များက နံပါတ်တုတ်များဖြင့် ရိုက်နှက်ပြီး ဝမ်းဗိုက်ကို ကန်ကျောက်ခဲ့ကြသည်။ သွေးတိုး၊ဆီးချိုရောဂါများအပြင် သွေးကြောပိတ်ဆို့သည့်ဝေဒနာကို ဆေးဝါးကုသခွင့် ပေးရန် ထောင်အာဏာပိုင်များက ပိတ်ပင်ခဲ့ခြင်းကြောင့် ကိုပြည့်စုံအောင်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ဆိုသည်။

ကိုပြည့်စုံအောင်ကို ၂၀၂၂ခုနှစ်၊ ဧန်နဝါရီလတွင် လှုံဆော်မှု နှင့် အကြမ်းဖက်မှုများဖြင့် စွပ်စွဲ ဖမ်းဆီးခဲ့သည်။ ဆေးဝါးကုသခွင့်မရရှိခဲ့ခြင်းကြောင့် အခြားအကျဉ်းထောင်(၂)ခုမှ အကျဉ်းသား(၂)ဦးသည်လည်း ဇူလိုင်လအစောပိုင်းတွင် ကွယ်လွန်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ၂၀၂၄ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ ၂၀၂၁ အာဏာသိမ်းမှုဖြစ်စဉ်အပြီး ထိန်းသိမ်းခံခဲ့ရသော လူပေါင်း။ (၁၈၅၃) ဦး ထိန်းသိမ်းခံရစဉ်တွင် သေဆုံးခဲ့ကြောင်း သိရသည်။ ၂၀၂၅ခုနှစ် ဧန်နဝါရီလနှင့် ဇူလိုင်လအတွင်း လူ (၇၀) ဦးထက်မနည်း ထိန်းသိမ်းခံရစဉ်အတွင်း သေဆုံးခဲ့ရကြောင်း စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများကဆိုသည်။ ၄င်းတို့အထဲမှ အနည်းဆုံး (၅၉)ဦးသည် ၂၀၂၅ခုနှစ် မတ်လတွင် လှုပ်ခတ်ခဲ့သော ပြင်းအား (၇.၇)ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်ခတ်ချိန်တွင် မန္တလေးအိုးဘိုထောင် ပြုကျခဲ့ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါ(၅၉)ဦးထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အပါအဝင် အတိုက်အခံအဖွဲ့အစည်းများကိုထောက်ခံခြင်း ကြောင့် ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခံထားရသူများလည်း ပါဝင်သည်။ အကျဉ်းထောင်များ၏သတင်းအချက်အလက်ကို ကန့်သတ်ထားခြင်းနှင့် သတင်းဌာနများကို တိုင်းပြည်အတွင်း ပိတ်ပင်ထားခြင်းတို့ကြောင့် ရရှိထားသည့် အချက်အလက်၊ ကိန်းဂဏန်းများသည် ပိုမိုဆိုးရွားပြင်းထန်နိုင်သည်။

ကမ္ဘာ့ကုသမဂ္ဂလူ့အခွင့်အရေးရုံး က စစ်အာဏာသိမ်းပြီးနောက်ပိုင်း အထူးသဖြင့် ပဲခူးတိုင်း၊သာယာဝတီထောင်အပါအဝင် အကျဉ်းထောင်များ၊ အချုပ်ခန်းများနှင့် စစ်ကြောရေးစခန်းများတွင် နှိပ်စက်မှုနှင့် အခြားဆိုးရွားသည့်ပြုမူဆက်ဆံမှုများ "နေရာအနှံ့အပြားဖြစ်ပွားလာကြောင်း" ၂၀၂၄ခုနှစ် အစီရင်ခံစာက ဖော်ပြထားသည်။ အာဏာပိုင်များက ထိန်းသိမ်းခံထားရသူများဝန်ခံလာစေရန် သို့မဟုတ် စစ်အုပ်ချုပ်ရေးဆန့်ကျင်သူများ ကို ထောက်ခံသူများနှင့် ထောက်ပို့သူများ၏ အချက်လက်များကို ရယူရန် မတရားနှိပ်စက်မှုများပြုလုပ်ရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာနှိပ်စက်ခြင်းနည်းလမ်းများ အသုံးပြုခဲ့ကြသည်။ ထောင်တွင်း နိုင်ငံရေးအကျဉ်းသားများ အထူးသဖြင့် ထောင်တွင်း ညှင်းပန်းနှိပ်စက်မှုများကို ငြိမ်းချမ်းစွာဆန္ဒပြသူများ သည် ပြင်းထန်စွာရိုက်နှက်ခံရခြင်း၊ တိုက်ပိတ်ခံရခြင်း နှင့် ထပ်တိုးပုဒ်မများ ဖြင့် အရေးယူခံရသည်။ အချို့ဖြစ်စဉ်များတွင် အဆိုပါနိုင်ငံရေးအကျဉ်းသားများအား ဝေးလံခေါင်သီသောဒေသများရှိ အကျဉ်းထောင်များအား ထောင်ပြောင်းရွှေ့အပြစ်ပေးပြီး ပြောင်းရွှေ့စဉ်သတ်ဖြတ်ခံခဲ့ရသည့်ဖြစ်စဉ်များလည်းရှိသည်။ ၂၀၂၁ခုနှစ်မှ ၂၀၂၅ခုနှစ်၊ဇူလိုင်လအထိ အနည်းဆုံး အကျဉ်းသား (၁၉၀)ဦးသည် တရားလက်လွတ်အနိုင်ကျင့်သည့် စစ်ကြောမေးမြန်းမှုများ၊ အခြားဆိုးရွားသည့်ပြုမူဆက်ဆံမှုများ သို့မဟုတ် လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်ပေးရန်လစ်လျူရှုခဲ့ခြင်းစသည့် အကြောင်း တခုမဟုတ် တခုကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း အကျဉ်းထောင်များအခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်နေသည့် မြန်မာနိုင်ငံလုံးဆိုင်ရာနိုင်ငံရေးအကျဉ်းသားများကွန်ရက်က မှတ်ချက်ပြုသည်။ ထောင်တွင်း မတရားမှုများနှင့် သေဆုံးမှုများအား ပြည်တွင်း၊ပြည်ပရှိ အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် မှတ်တမ်းတင်ပြုစုလျက်ရှိသော်လည်း မြန်မာစစ်တပ်၏ တာဝန်ရှိပုဂ္ဂိုလ် မည်သူတဦးတယောက်ကမျှ တာဝန်ခံခြင်းမရှိခဲ့ပါ။

နိုင်ငံတကာအာရုံစိုက်မှုနှင့် အရေးယူဆောင်ရွက်မှုလိုအပ်နေသည့်မြန်မာနိုင်ငံအတွက် အကျဉ်းသားများအပေါ် နှိပ်စက်မှုများနှင့် အနိုင်ကျင့်မှုများသည် ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများစွာထဲမှ အချက်တချက်သာဖြစ်ကြောင်း သတိပြုရန်လိုသည်။ ၂၀၂၁ခုနှစ် အာဏာသိမ်းမှုမှစတင်၍ မြန်မာစစ်တပ်သည် လူပေါင်း

(၇၀၀၀)ကျော် (၄၄်းတို့အနက်အများစုမှာ အရပ်သားများဖြစ်သည်) ကိုသတ်ဖြတ်ခဲ့ပြီး သုံးသောင်းကျော်ကို တရားမဲ့ဖမ်းဆီးခဲ့သည်။ ဖြစ်ပွားနေဆဲ လက်နက်ကိုင်ပဋိပက္ခကြောင့် လူဦးရေ (၃.၅) သန်းကျော် စစ်ဘေးရှောင်နေရသည်။ အရပ်ဖက်-စစ်ဖက်မခွဲခြားသည့် လေကြောင်းတိုက်ခိုက်မှုများ၊ စာသင်ခန်းများ၊ မင်္ဂလာဆောင်များ၊ စစ်ရှောင်စခန်းများ နှင့် ငလျင်ကယ်ဆယ်ရေးစခန်းများ မှ လက်နက်မဲ့ ပြည်သူများအား သတ်ဖြတ်ခြင်းများ အပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ ဆေးဝါး၊စားနပ်ရိက္ခာ အကူအညီများအား ပိတ်ပင်ခဲ့ခြင်းများ စသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအား လူ့အခွင့်အရေးချိုးဖောက်မှုများအားစောင့်ကြည့်သည့် အဖွဲ့အစည်းများက မှတ်တမ်းတင်ခဲ့သည်။

ထိန်းသိမ်းခံထားရသူများအပေါ် နှိပ်စက်မှုများနှင့် အခြားဆိုးရွားသည့် ပြုမူဆက်ဆံမှုများကို အဆုံးသတ်ပြီး၊ <u>အကျဉ်းသားများအပေါ်ဆက်ဆံရာတွင်လိုက်နာရမည် ကုလသမဂ္ဂဆိုင်ရာ အခြေခံစည်းမျဉ်း</u>(နယ်လ်ဆင်မင်ဒဲလား စည်းမျဉ်း) နှင့် အခြား ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများအရ အကျဉ်းထောင်များ၊ ထိန်းသိမ်းရေးစခန်းများ၏ အခြေအနေကို ပိုမိုကောင်းမွန်အောင် ချက်ချင်းဆောင်ရွက်ရန် မြန်မာစစ်တပ်အပေါ် စဉ်ဆက်မပြတ် တောင်းဆိုချက်အား ထပ်လောင်းတောင်းဆိုသည်။ အကျဉ်းထောင်တွင်းမရရှိနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဆေးဝါးကုသမှုများကို အချိန်မီ လုံလောက်စွာ ရရှိရန်အတွက် အကျဉ်းထောင်ပြင်ပမှ ဆေးရုံ၊ဆေးခန်းများကို လည်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများအနေဖြင့် သွားရောက်ကုသမှုခံယူခွင့်ပေးရမည်။ အကျဉ်းထောင်များအတွင်း ဆေးဝါးများနှင့်အခြားလိုအပ်သောပစ္စည်းများ ကို လုံလောက်စွာထောက်ပံ့ရမည်ဖြစ်ပြီး နိုင်ငံတကာ ကူညီမှုများ နှင့်အတူ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများနှင့်ဆေးကုသရေးအဖွဲ့အစည်းများ နှင့်အတူ အစားအသောက်၊ ဆေးဝါးနှင့် အခြားလိုအပ်သည်များကို ပို့ဆောင်ပေးနိုင်ရန် မိသားစုဝင်များကိုလည်း ဝင်ရောက်ခွင့်ပြုရမည်။ မတရားအကျဉ်းကျနေသူများအားလုံးကိုလည်း အကန့်အသတ်မရှိ ချက်ချင်းလွှတ်ပေးရမည်။

ALTSEAN-Burma

Amnesty International

Article 19

Asian Forum for Human Rights and Development (FORUM-ASIA)

Assistance Association for Political Prisoners

Athan – Freedom of Expression Activist Organization

Burman Campaign UK

Chin Human Rights Organization

Exile Hub

Fortify Rights

Human Rights Foundation of Monland

Manushya Foundation

Myanmar Peace Museum

Political Prisoners Network – Myanmar

Politics for Women Myanmar